## ၁-၃။ နေထိုင်ခွင့်ကတ်ပြားပျောက်ဆုံးခြင်း

နေထိုင်ခွင့်ကတ်ပြားပျောက်ဆုံးသွားသည်ကို သိရှိသည့်နေ့မှစ၍ ၁၄ရက်အတွင်း၊ ဒေသဆိုင်ရာ လူဝင်မှုကြီးကြပ်ရေးရုံးတွင် နေထိုင်ခွင့်ကတ်ပြားထပ်မံထုတ်ပေးရန် လျှောက်ထားရမည်။

### လျှောက်ထားရာတွင်လိုအပ်သည့်အရာများ

- နိုင်ငံကူးလက်မှတ်
- ဓာတ်ပုံ ၁ပုံ (အလျား၃စင်တီမီတာ၊ အနံ၄စင်တီမီတာ၊ ၃လအတွင်း ရိုက်ကူးထားသော ဓာတ်ပုံဖြစ်ရမည်၊ အသက် ၁၆နှစ်မပြည့်သေးသူများ မလိုအပ်ပါ)
- နေထိုင်ခွင့်ကတ်ပြားပျောက်ဆုံးသွားကြောင်းသက်သေပြနိုင်မည့်စာရွက်စာတမ်း (ပျောက်ဆုံးခြင်းအကြောင်းကြားမှုအထောက်အထား၊ ခိုးယူခံရခြင်းအကြောင်းကြားမှုအထောက် အထား၊ သဘာဝဘေးကြောင့်ပျက်စီးကြောင်း အထောက်အထား စသည်)
- နေထိုင်ခွင့်ကတ်ပြားထပ်မံထုတ်ပေးရန်လျှောက်လွှာ

**အသေးစိတ်ကို အောက်ပါ အင်တာနက်စာမျက်နှာတွင် ဖတ်ရှုပါ။**

https://www.moj.go.jp/isa/applications/procedures/nyuukokukanri10_00010.html